## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၂၉)ရက်မြောက်နေ့ အစီအစဉ်

## [ ၈–၉–၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမ ဒုတိယအယူခံမှု/ ပြင်ဆင်မှု/ ရာဇဝတ်အယူခံမှု/ ပြင်ဆင်မှု(တစ်ပါးထိုင်) အမှုများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၌လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့၌လည်းကောင်း ရုံးထိုင်စစ်ဆေးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဆက်သွယ်ရေး တာဝါတိုင် ကန်ထရိုက် ရရှိသော ကုမ္ပဏီအချို့သည် ချမှတ်ထားသော စာချုပ်ပါ စည်းကမ်းများ တိကျစွာ လိုက်နာမှုမရှိဘဲ တာဝါတိုင်တွင် အသုံးပြု**

**ထားသော မီးစက်များမှ ဆူညံသံကြောင့် ပတ်ဝန်းကျင် အနေခက် အယှက်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ကိုယ်တိုင်ကွင်းဆင်း လေ့လာစစ်ဆေးပြီး ဆူညံမှုများ လျော့နည်း သက်သာစေရန် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မြစ်ကြီးနား– မန္တလေး လမ်းပိုင်းတွင် စုန်/ဆန်ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ လူစီးတွဲများအား ပိုမိုကောင်းမွန်သည့် တွဲဆိုင်းများဖြင့် အစားထိုး ပေးရန်နှင့် မီးရထားဝန်ထမ်းများအတွက် ပြည်သူ့ဆက်ဆံရေး သင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဥပဒေကြမ်းကော်မတီက **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
## (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမြင့်သိန်း၊ ညောင်လေးပင်မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦးရှိပါတယ်။ ယင်းတို့ကတော့-

(၁) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၂ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၂ ရက်၊

(၄) မြိတ်မဲဆန္ဒနယ်မှ ဦးစိုင်းပိုင်ငွေး ခွင့် ၂ ရက်၊

(၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်နှင့်

(၆) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၁၈ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမဒုတိယအယူခံမှု/ပြင်ဆင်မှု/ရာဇဝတ်အယူခံမှု/ ပြင်ဆင်မှု (တစ်ပါးထိုင်)အမှုများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၌လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့၌လည်းကောင်း ရုံးထိုင်စစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမဒုတိယအယူခံမှု/ပြင်ဆင်မှု/ရာဇဝတ်အယူခံမှု/ပြင်ဆင်မှု(တစ်ပါးထိုင်)အမှုများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၌လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့၌လည်းကောင်း ရုံးထိုင်စစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ ၂၀၀၅ ခုနှစ်မတိုင်ခင်ထိ မြန်မာနိုင်ငံရဲ့အမြင့်ဆုံးသော တရားရုံးချုပ်(High Court)ဟာ ရန်ကုန်မြို့မှာရှိပါတယ်။ အဲဒီအခါမှာ မန္တလေးမြို့မှာတော့ မန္တလေးရုံးထိုင်တရားရုံးချုပ်ဆိုပြီးတော့ တရားရုံးချုပ်ခွဲတစ်ခုရှိပါတယ်။ အဲဒီအခါမှာ ပြည်သူများဟာ အသက် ၁၀၀ မနေရ အမှု ၁၀၀ ဖြစ်ရတဲ့ဘဝပါ။ အဲဒီအခါကျတော့ လူတွေဟာ ရန်ကုန်တရားရုံးချုပ်ရှိတယ်။ မန္တလေးတရားရုံးချုပ်ရှိတယ်။ မြို့ကြီးတွေကလည်း အထိုင်ကျပြီးသားဖြစ်တယ်။ ရွှေ့နေတွေကလည်း လွယ်တယ်။ မြို့ကိုလည်း လူတွေကယဉ်ပါးပြီးသားဖြစ်တယ်။ အဲဒီအခါကျတော့ လူတွေဟာ၊ ဒီအမှုသည်တွေဟာ သူတို့ရဲ့အမှုတွေကို အောက်မြန်မာပြည်အတွက် ရန်ကုန်တရားရုံးချုပ်မှာ၊ အထက်မြန်မာပြည်အတွက် မန္တလေးတရားရုံးချုပ်မှာ စီရင်ကြားနာတဲ့အတွက် ဥပဒေပညာရှင်တွေကလည်း လွယ်လွယ်ကူကူရွေးချယ်ပိုင်ခွင့်ရတယ်။ စရိတ်စက ကလည်းသက်သာတဲ့အတွက် လူတွေက အလွန်အဆင်ပြေပါတယ်။ ဒါပေမဲ့အခုအခါမှာတော့ တရား ရုံးချုပ်က နေပြည်တော်မှာပဲရှိတော့တယ်။ နေပြည်တော်ဆိုတာ လူတွေနဲ့မရင်းနှီးသေးတဲ့အရပ်ဒေသ၊ လူတွေ Residence လုပ်တာအလွန်နည်းတဲ့ အရပ်ဒေသ၊ ဥပဒေပညာရှင်တွေ အလွန်နည်းတဲ့အရပ် ဒေသဆိုပါစို့ ကော့သောင်းက အမှုသည်တစ်ယောက်က သူ့ရဲ့အမှုကလေးကို အမှန်တရားလေးလိုချင်လို့ နေပြည်တော်ကိုလာမယ်ဆိုတဲ့ခရီးက ရန်ကုန်မှာတစ်ထောက်နား၊ ပြီးတော့မှ နေပြည်တော်လာရတဲ့

ဘဝပါ။ မြစ်ကြီးနားကအမှုသည်ကလည်း မန္တလေးတစ်ထောက်နား၊ ပြီးတော့မှ နေပြည်တော်ကို လာရတဲ့ဘဝပါ။ အဲဒီအခါကျတော့ ကျွန်တော်တို့အစိုးရဆိုတာ ပြည်သူတွေ ဘယ်လိုသက်တောင့် သက်သာဖြစ်မလဲဆိုတာ အမြဲတမ်းအမြဲတမ်းစဉ်းစားပေးနေရမယ့်သူတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒီဟာကို ပြောတဲ့အချိန်မှာ ကျွန်တော်ဟာ ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအခန်း(၃) ပုဒ်မ ၁၀ မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နေပြည်တော်တွင်ရုံးထိုင်ရမည်။ လိုအပ်ပါက နိုင်ငံတော်အတွင်း သင့်လျော်ရာဒေသတစ်ခုခု၌ ရုံးထိုင်နိုင်တယ်လို့ ဥပဒေက ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ရုံးခွဲကို ကျွန်တော် ခုနက မေးခွန်းအတိုင်းပါပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ တရားမနဲ့ဒုတိယ အယူခံမှု/ ပြင်ဆင်မှု/ရာဇဝတ်အယူခံမှု/ပြင်ဆင်မှု(တစ်ပါးထိုင်)အမှုများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၌လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့၌လည်းကောင်း ရုံးထိုင်စစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လွင် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၀ မှာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် နေပြည်တော်တွင်ရုံးထိုင်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟာ နိုင်ငံတော်ရဲ့အမြင့်ဆုံးတရားရုံးဖြစ်ပြီးတော့မှ နောက်ဆုံးအဆင့်ဖြစ်တဲ့ အယူခံမှုတွေ၊ ပြင်ဆင်မှုတွေကို ရုံးထိုင်ကြားနာတာဖြစ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုတရား လွှတ်တော်ချုပ် အနေနဲ့ကတော့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်းပဲ အမြင့် ဆုံးတရားရုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ အခြားဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့

အစည်းများကဲ့သို့ပဲ နေပြည်တော်မှာရုံးထိုင်ပြီးတော့ အမှုတွဲများကို စစ်ဆေးစီရင်ခြင်းဖြစ်ပါတယ်။ အခုလက်ရှိ အခြေအနေကတော့ နေပြည်တော်မှာရုံးထိုင်စစ်ဆေးစီရင်တာဟာ အဆင်ပြေ ချောမွေ့နေတာဖြစ်ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပဲ တရားရုံးချုပ် လက်ထက်တုန်းကတော့ မန္တလေးမှာတရားရုံးချုပ်(ရုံးခွဲ)ဖွင့်ပြီးတော့ ရုံးထိုင်တာ ရှိခဲ့ဖူးပါတယ်။ အဲဒီအချိန်အခါတုန်းကတော့ ကျွန်တော်တို့ရဲ့ရုံးစိုက်ရာဒေသက ရန်ကုန်မြို့ဖြစ်ပါတယ်။ ရန်ကုန်မြို့ ဖြစ်ပြီး တော့တရားရုံးချုပ်က လည်း ရန်ကုန်မြို့မှာရုံးထိုင်တာဖြစ်ပါတယ်။ အဲဒီအခါ ကျတော့ ရန်ကုန်မြို့ဆိုတာကတော့ အောက်မြန်မာပြည်အတွင်းမှာရှိပြီးတော့ ဟိုးအထက်မြန်မာပြည် အရပ်ဒေသ တွေနဲ့ဝေးလံတဲ့ မြစ်ကြီးနားတို့ ကချင်ပြည်နယ်က စသဖြင့်ဒေသတွေနဲ့ဝေးကွာတဲ့အတွက် သွားရေးလာရေးလွယ်ကူအောင်ဆိုပြီးတော့ အမှုသည်များသွားရေးလာရေးလွယ်ကူရန်အတွက် အထက်မြန်မာပြည်က အမှုတွေများအတွက် တရားရုံးချုပ်(မန္တလေး)မှာ ရုံးထိုင်ပေးပြီးတော့ အောက်မြန်မာပြည်က အမှုသည်များ အတွက်ကတော့ ရန်ကုန်မြို့မှာ ရုံးထိုင်ပေးခဲ့တာဖြစ်ပါတယ်။ အခုအခါမှာတော့ ကျွန်တော်တို့ ရုံးစိုက်ရာဒေသက နေပြည်တော်ဖြစ်လာပါတယ်။ နေပြည်တော်ဖြစ်တဲ့အခါကျတော့ နေပြည်တော်ဟာ မြန်မာနိုင်ငံရဲ့ ဗဟို အချက်အချာဟာ အလယ်ဗဟိုမှာရှိတဲ့အတွက် ကျွန်တော်တို့ အထက်ကဒေသများဖြစ်တဲ့ ကချင်တို့၊ ရှမ်းတို့ စသဖြင့်ဒေသများကလည်းကောင်း၊ အောက်က တနင်္သာရီတိုင်းဒေသကြီး စသည့်ဒေသများက လည်းကောင်း အလယ်ဗဟိုဖြစ်တဲ့ နေပြည်တော်ကို လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြတာဖြစ်ပါတယ်။ သွားလာနိုင်ကြတာဖြစ်တဲ့အတွက် သွားရေးလာရေး ရှုထောင့်ကကြည့်မယ်ဆိုရင်လည်း အဆင်ပြေတဲ့အတွက် နေပြည်တော်မှာ ရုံးထိုင်စစ်ဆေးတာဟာ သင့်တော်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လက်ရှိအခြေ အနေမှာတော့ တိုင်းဒေသကြီးလွှတ်တော်တို့၊ ပြည်နယ်တရားလွှတ်တော်တို့ ရုံးထိုင်ရာဒေသဖြစ်တဲ့ မန္တလေးတို့၊ ရန်ကုန်တို့မှာရုံးထိုင်စစ်ဆေးဖို့ လက်ရှိအနေအားဖြင့် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဆက်သွယ်ရေးတာဝါတိုင် ကန်ထရိုက်ရရှိသော ကုမ္ပဏီအချို့သည် ချမှတ်ထားသောစာချုပ်ပါ စည်းကမ်းများ တိကျစွာလိုက်နာမှုမရှိဘဲ တာဝါတိုင်တွင် အသုံးပြုထားသော မီးစက်များမှ ဆူညံသံကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ကိုယ်တိုင်ကွင်းဆင်းလေ့လာစစ်ဆေးပြီး ဆူညံမှုများလျော့နည်းသက်သာစေရန် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက ပြည်သူများကို ကိုယ်စားပြုပြီးတော့ ဆက်သွယ်ရေးတာဝါတိုင်များနှင့်ပတ်သက်ပြီး အပြုသဘောဆောင်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ၂-၅-၂၀၁၆ ရက်နေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုမှ တာဝါတိုင်များသည် ကျန်းမာရေးထိခိုက်မှုရှိ/မရှိကို မေးခွန်းမေးခဲ့ရာမှာ ကျန်းမာရေးထိခိုက်မှုမရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အခုဆိုရင် တရားဝင်လိုင်စင်ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီကြီးသုံးခုဟာ နိုင်ငံအနှံ့ တာဝါတိုင်များလိုက်လံစိုက်ထူလျက်ရှိပါတယ်။ အဲဒီလို စိုက်ထူဖို့ နေရာတွေရွေးချယ်ကြရာမှာ GPS စနစ်နဲ့ Nominal Point ကို ရွေးချယ်ကြမှန်းသိရှိရပါတယ်။ အများစုကို လူနေရပ်ကွက်တွေ၊ ကျေးရွာအလယ်တွေမှာ ရွေးချယ်စိုက်ထူကြလို့ နိုင်ငံအနှံ့ကန့်ကွက်တိုင်ကြားမှုတွေရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီတာဝါတိုင်တွေအတွက် လျှပ်စစ်က နေရာတိုင်းမှာမရနိုင်တော့ မြင်းကောင်ရေ ၅၀ နှင့် ၁၀၀ ကြားရှိတဲ့ မီးစက်ကြီးများကို အသုံးပြုနေကြလို့ပါပဲ။ ဒီမီးစက်ကြီးတွေကို Silencer များတပ်ဆင်ရန် လမ်းညွှန်ထားကြောင်း သိရှိရသော်လည်း နေရာအတော်များများမှာ အသုံးမပြု ကြောင်း သိရှိရပါတယ်။ ၎င်းမီးစက်များရဲ့ အသံဆူညံမှုသာမက Vibration တုန်ခါမှုကလည်း ပတ်ဝန်းကျင်ကို များစွာအနှောင့်အယှက်ဖြစ်စေပါတယ်။ တာဝါတိုင်စိုက်ထူတဲ့ကုမ္ပဏီအမျိုးမျိုးရှိရာ မှာလည်း ဝေးလံတဲ့မြို့ရွာတွေကို ထပ်ဆင့်ကန်ထရိုက်တွေပေးကြရာမှာ မြေရှင်က ဆက်သွယ်ရေးကုမ္ပဏီတစ်ခုအတွက်ပဲ မြေငှားရမ်းခရပေမယ့် အဆင့်ဆင့်ထပ်မံငွေယူငှားရမ်းကြတဲ့အတွက် တာဝါတိုင်တစ်ခုမှာ

ကုမ္ပဏီနှစ်ခုက သုံးခု၊ မီးစက်နှစ်လုံးက သုံးလုံး တပ်ဆင်အသုံးပြုကြတာကိုလည်း တွေ့ရှိရပါတယ်။ လူရဲ့ နားခံနိုင်တဲ့အသံဆူညံမှုဟာ နေ့အချိန်မှာ ၅၂ Decibel နဲ့ ၅၇ Decibel ကြား၊ ညမှာ ၄၂ Decibel နှင့် ၄၇ Decibel ကြားရှိကြောင်းကို လေ့လာသိရှိရပါတယ်။ အခု မီးစက်ကြီးတွေကတော့ Decibel ၈၀ နဲ့ ၁၀၀ ကြားမှာရှိပါတယ်ရှင့်။ အဲဒီတာဝါတိုင်တွေဟာ နှစ်ရှည်စာချုပ်တွေနဲ့ ငှားရမ်းချုပ်ဆိုကြတယ်ဆိုတာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာ ကျန်းမာရေးမကောင်းသော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များရဲ့ကျန်းမာရေးကို ရေရှည်မှာထိခိုက်စေပြီးတော့ အသံဆူညံမှုကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ အာရုံစူးစိုက်မှုအားနည်းခြင်းစတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများလည်း ကြုံတွေ့နိုင်ရပါတယ်။

နောက်ပြီး နေရာတော်တော်များများမှာ လျှပ်စစ်မီးရရှိမှုအားနည်းသေးတဲ့ တိုင်းပြည်ရဲ့အခြေအနေမှာ ဆိုလာစနစ်ကို ကောင်းစွာအသုံးပြုခြင်း၊ လူနေထူထပ်တဲ့မြို့ရွာများကို ရှောင်ရှားပြီးနေရာရွေးချယ်ခြင်း၊ နေရာရွေးချယ်ရာမှာ ပတ်ဝန်းကျင်လူနေအိမ်များနဲ့ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းမှုများပြုလုပ်ရန်အားနည်းချက်များလည်း တွေ့ရပါတယ်။ GPS စနစ်ဖြင့်ရွေးချယ်ရ၍ နေရာလွှဲလို့မရနိုင်ပါလို့ ဆိုကြပေမယ့် အဓိကအားဖြင့် သက်ဆိုင်ရာတာဝါတိုင်များရဲ့ လုံခြုံရေးကိုဦးတည်ပြီး လူနေရပ်ကွက်များအတွင်း ရွေးချယ်ကြခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ တာဝါတိုင်အကွာအဝေးကို ပိုမိုနီးစေခြင်း၊ အရေအတွက်ကိုပိုများစေခြင်းများပြုလုပ်၍ လူနေရပ်ကွက်များအတွင်း တာဝါတိုင်များတည်ဆောက်မှုလျှော့နည်းအောင် ဆောင်ရွက်မှုများလည်း အားနည်းနေတာကို တွေ့ရပါတယ်။ အမှန်ကတော့ တာဝါတိုင်အတွက် နေရာရွေးချယ်ရာမှာ လမ်းနယ်၊ ရေမြောင်းနယ်၊ လျှပ်စစ်လိုင်း၊ မီးရထားနယ်၊ စျေး၊ ဆေးရုံ၊ ကျောင်းနယ်တို့နဲ့ လွတ်ကင်းစေရန် ဆောက်လုပ်ရေး၊ စည်ပင်၊ လျှပ်စစ်တို့က သက်ဆိုင်ရာဌာနများမှ အတည်ပြုရွေးချယ်ပြီးမှ သတ်မှတ်ပေးရမှာဖြစ်ပြီး သုံးမယ့်မီးစက်အမျိုးအစားနဲ့ မီးစက်အသစ်လား၊ အဟောင်းလားဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်တွေ တိတိကျကျရှိသင့်တယ်လို့ ထင်ပါတယ်။ ချမှတ်ထားပေးတဲ့ စည်းကမ်းတွေရှိနေခဲ့ရင်တောင်မှ တာဝန် ရှိသူများက ကွင်းဆင်းပြီးထိရောက်စွာ တာဝန်ယူစစ်ဆေးမှုများ မပြုလုပ်နိုင်ပါက အောက်ခြေမှ ကန်ထရိုက်အဆင့်ဆင့်က တိကျစွာလိုက်နာခြင်းမရှိကြောင်းကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တာဝါတိုင်မှာအသုံးပြုနေတဲ့ မီးစက်များမှဆူညံသံကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်စေရန် သက်ဆိုင်ရာမှ ကိုယ်တိုင်ကွင်းဆင်းလေ့လာစစ်ဆေးပြီး ဆူညံမှုများ လျှော့နည်းသက်သာစေရန် မည်သို့စီစဉ်

ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တရားဝင်လိုင်စင်ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီကြီးသုံးခုသည် နိုင်ငံအဝန်း ဆက်သွယ်ရေးတာဝါတိုင်များ လိုက်လံစိုက်ထူလျက်ရှိရာ ကန်ထရိုက်ရရှိသော ကုမ္ပဏီအချို့သည် ချမှတ်ထားသော စာချုပ်ပါစည်းကမ်းများ တိကျစွာလိုက်နာမှုမရှိသည်ကိုတွေ့ရှိရပါသဖြင့် တာဝါတိုင်တွင် အသုံးပြုနေသောမီးစက်များ၏ ဆူညံသံကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်စေရန် သက်ဆိုင်ရာမှ ကိုယ်တိုင်ကွင်းဆင်းလေ့လာစစ်ဆေးပြီး ဆူညံသံများလျော့နည်းမှုသက်သာစေရန် မည်သို့စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်း/ပြည်ပအော်ပရေတာများဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီနောမြန်မာလီမိတက်နှင့် အူရီဒူးမြန်မာလီမိတက်တို့အနေဖြင့် မိုဘိုင်းဆက်သွယ်ရေးစခန်းနှင့် တာဝါတိုင်များကို တည်ဆောက်ရာမှာ လျှပ်စစ်မီးရရှိတဲ့နေရာတွေရှိသလို လျှပ်စစ်မီးမရရှိတဲ့နေရာတွေလည်း ပါဝင်ပါတယ်။ လျှပ်စစ်မီးရရှိတဲ့နေရာဟာ မြန်မာပြည်တစ်ပြည်လုံးမှာ အများကြီးကို နေရာနည်းသေးတဲ့အတွက်ကြောင့် လျှပ်စစ်မီးမရရှိတဲ့နေရာတွေကို ဆောင်ရွက်နေရတဲ့အတွက်ကြောင့် လျှပ်စစ်မီးဓာတ်အားပေးစက်တွေ သုံးရတာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ခုနတုန်းက မြေနေရာရွေးချယ်မှုမှာလည်းပဲ တကယ်တမ်းညွှန်ကြားထားတာကတော့ တတ်နိုင်သမျှ အစိုးရပိုင်မြေနေရာတွေကို ရွေးချယ်ငှားရမ်းဖို့ ညွှန်ကြားချက်ကတော့။ တစ်ခါ အစိုးရပိုင်မြေနေရာတွေမရရင် အဲဒီ တောင်တွေကို၊ တောတွေကို ဖြတ်သန်းရမယ်ဆိုရင် ပလပ်မြေတွေမှာ ဖြတ်သန်းဆောင်ရွက်ဖို့ အဲဒီလို ညွှန်ကြားထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့လည်း မြေနေရာရရှိရေးနဲ့ပတ်သက်လို့ မနေ့ကပဲ

တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်သော ဝန်ကြီးများအားလုံးပါဝင်တဲ့ မြေနေရာရရှိရေးကော်မတီကို သမ္မတကြီးကနေပြီးတော့ ဖွဲ့စည်းပြီးတော့ ပေးလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အဲဒီဟာကို တစ်ခါတည်း ညှိနှိုင်းနေပါတယ်။ ခုနက ပြောတဲ့အတိုင်းပဲ တာဝါတိုင်ကို လူနေအိမ်တွေထဲမှာမဖြတ်ရဘဲနဲ့ ဖြစ်နိုင်ရင်တော့ အစိုးရမြေကွက်လပ်တွေမှာ အစိုးရပိုင်မြေကွက်လပ်တွေနဲ့ ပလပ်မြေတွေမှာလုပ်ဖို့ဆိုသော်လည်းပဲ တစ်ခါလယ်မြေကျတော့လည်း ဖြတ်လို့ကမဖြစ်ပြန်ဘူး။ ဘာလို့လဲဆိုတော့ လယ်ယာမြေကို အခြားမြေအဖြစ်နဲ့အသုံးပြုခွင့် ရရှိဖို့ရန်အတွက် အခက်အခဲရှိတော့ အခုဒီကိစ္စမှာလည်းပဲ ကျွန်တော်တို့ရဲ့ ဧရိယာ Coverage ပေါ့။ ပျံ့နှံ့တဲ့နှုန်းကို မြန်မြန်ဆန်ဆန်ရောက်ချင်တယ်။ ဒီကြားထဲမှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေ အများကြီးတွေ့မြင်၊ မေးမြန်းအဆိုပြုထားကြတဲ့အတိုင်းပဲ မိမိတို့ရဲ့နေရပ်ဒေသတွေ၊ တောင်ပေါ်တွေ၊ ရပ်ဝေးဒေသတွေကိုလည်းပဲ အမြန်ဆုံးလွှမ်းခြုံချင်တော့ တာဝါတိုင်တွေဟာလည်း အပြေးအလွှားဆောက်ရပါတယ်။ ဆောက်တဲ့အခါမှာ ခုနတုန်းကလို ပြဿနာတွေလည်း မရှိဘူးမဟုတ်ပါဘူး။ ဒါလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အချက်အလက်တွေဟာ အကုန်လုံးမှန်တာတွေ များပါတယ်။ အားလုံးမှန်ပါတယ်။

အဲဒီတော့ မိုဘိုင်းစခန်းတွေမှာ Solar System တပ်ဆင်အသုံးပြုမယ်ဆိုရင် Solar System သုံးဖို့ရန်အတွက် ငွေကျပ်သိန်း ၃၂၀ ကုန်ပါတယ်။ ခုနက Sound Proof အမျိုးအစား မီးစက်တပ်ဆင်ချင်ရင်တော့ စခန်းတစ်ခုကို ငွေကျပ် ၁၀၅ သိန်းကနေပြီးတော့ Open Type ရိုးရိုးတန်းတန်းမီးစက်ဆိုရင်တော့ ၈၉ သိန်း၊ သိန်း ၉၀ ပဲ ကုန်ကျမှာဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ကတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ Solar စနစ်တပ်ဆင်ခြင်းနဲ့ Sound Proof အမျိုးအစားမီးစက်များကို အစားထိုးတပ်ဆင်ပေးသွားမှာဖြစ်သလို တယ်လီနောနဲ့ အော်ဒီဒူးတို့ကိုလည်းပဲ မီးစက်တွေသုံးပါက Sound Proof မီးစက်တွေကိုပဲ သုံးဖို့ဆိုတာဟာ ညွှန်ကြားပြီးသားဖြစ်ပါတယ်။ ဒါဇွန်လလောက်ကတည်းက ညွှန်ကြားထားတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားလိုင်းတိုးချဲ့ ချိတ်ဆက်သွယ်တန်းနိုင်မှုအပေါ်မူတည်ပြီးတော့ မိုဘိုင်းဆက်သွယ်ရေးစခန်းတွေကို လျှပ်စစ်ဓာတ်အားနဲ့ ပြောင်းလဲချိတ်ဆက်တပ်ဆင်သွားမှာပဲ ဖြစ်ပါတယ်။ ဓာတ်အားရရင်တော့ ဒီကိစ္စတွေဟာ အားလုံးရှင်းလင်းသွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ခုနတုန်းက လျှပ်စစ်ဓာတ်အားပြတ်တောက်၍သော်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားမရရှိ၍သော်လည်းကောင်း မီးစက်များကိုအသုံးပြုရမယ်ဆိုပါက ဆူညံသံလျော့နည်းတဲ့ Sound Proof အမျိုးအစားမီးစက်များကို အသုံးပြုသွားရန်နှင့် သုံးစွဲမှုသက်တမ်းကျော်လွန်နေတဲ့ မီးစက်တွေကိုလည်းပဲ အစားထိုးလဲလှယ်ပေးသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

မီးစက်များမှ ဆူညံသံကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်စေရန် နေ့ပိုင်းအချိန်တွေမှာတော့ မီးစက်မောင်းနှင်ပြီးတော့ ညပိုင်းအချိန်တွေမှာတော့ Battery Bank တွေ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအကြောင်းလေးကို ကျွန်တော် Power Point လေးနဲ့ ပြပါမယ်။ အဲဒီတော့ မီးစက်သံကြောင့် ပတ်ဝန်းကျင်ဆူညံမှုဖြစ်ပေါ်ပြီး တိုင်ကြားမှုများရှိရင်တော့ ချက်ချင်းကွင်းဆင်းပြီးတော့ စစ်တယ်။ အဲဒါမှလည်း ချက်ချင်းပြန်ပြီးတော့ Sound Proof မဟုတ်ရင်လည်း Sound Proof လဲခိုင်းတယ်။ ဒီနေရာမှာလည်းပဲ မနေ့ကပဲ ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်က အကြံပြုပါတယ်။ ကျောက်ဖြူမှာ တရုတ်နေရာမှာ အဲဒီလိုမီးစက်နဲ့မောင်းတဲ့အခါ မီးစက်သံကို မညံအောင်လို့ သူ အိတ်ပ်ဇောပိုက်ကို မြေအောက်ကနေထွက်ပြီးတော့ ပေ ၂၀ လောက်ကနေ ထုတ်ခဲ့ရင်တော့ ငြိမ်နိုင်တယ်လို့ ဆိုပါတယ်။ အဲဒါလေးလည်း ကျွန်တော်တို့ သုတေသနပြုပြီးတော့ တတ်နိုင်သမျှ သာမန်မီးစက်ရဲ့ မီးစက်သံကို ဘယ်လိုလျှော့ချရမလဲဆိုတဲ့နည်းလည်း ကျွန်တော်တို့ စဉ်းစားဆောင်ရွက်ရှာဖွေနေပါတယ်။ အဲဒီတော့ ဒီမီးစက်သံများရဲ့ ဆူညံမှုကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်စေရေးအတွက် ဆောင်ရွက်ထားတဲ့ မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များမှာ လျှပ်စစ်ဓာတ်အားရရှိလျှင်တော့ Transformer တွေ တပ်ဆင်မယ်။ လျှပ်စစ်ဓာတ်အားမရရှိပါကလည်းပဲ Solar စနစ်၊ Engine စနစ်၊ Battery စနစ်တို့ဖြင့် တပ်ဆင်ထားရှိမှုအခြေအနေတွေကို ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိဖို့ရန်အတွက် ကောက်နုတ်တင်ပြအပ်ပါတယ်။

ဒါကတော့ ဂန့်ဂေါမြို့ အမှတ်(၁)ရပ်ကွက် ဝန်ထမ်းအိမ်ရာမှာ GSM စခန်းမှာ လျှပ်စစ်ဓာတ်အား Solar တစ်ဖက်မှာတပ်ထားတယ်။ တစ်ဖက်မှာ အရန်မီးစက်နဲ့ Battery တပ်ထားပါတယ်။ ဆိုလာက အများသောအားဖြင့် မိုးရာသီ မိုးရွာရင် မရဘဲနဲ့နေ့ခင်းပိုင်း နေပူတဲ့အချိန်ပဲ ရတာဖြစ်တဲ့အတွက်ကြောင့် Battery လည်း ခံထားပါတယ်။ အရန်မီးစက်လည်း ထားထားပါတယ်။ အဲဒါလည်း ဂန့်ဂေါမြို့ အမှတ်(၄)ရပ်ကွက်မှာ ကျောတိုက်မှာရှိတဲ့ GSM မှာ မီးရတဲ့နေရာမှာတော့ Transformer လေးနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဂန့်ဂေါမြို့နယ် တောင်ယာပြင် သူကတော့ မီးမရတဲ့အတွက်ကြောင့် မီးစက်ကိုလည်းပဲ ဒီကတော့ ယာပြင်ကျေးရွာမှာ သူကတော့ ရပ်ကွက်နဲ့လည်းပဲ ဝေးပါတယ်။ ဒါပေမဲ့ Solar လည်း တပ်ထားပါတယ်။ အရန်မီးစက်လည်း ထားထားပါတယ်။ ဂန့်ဂေါမြို့နယ် ခေါက်ခူမှာ သူလည်းပဲ တတ်နိုင်သမျှ နေရောင်ခြည်စွမ်းအင်သုံး Solar ကိုတော့ သူတို့က Solar အရည်အချင်း quality ကောင်းတဲ့ Solar ကိုသုံးဖို့ အဲဒါတွေကို အမြဲတမ်း ကျွန်တော်တို့က နှိုးဆော်နေရပါတယ်။ အဲဒီမှာ Solar က နေ့ခင်းပဲရပြီးတော့ ညကျတော့ Battery ပဲသုံးမယ်။ သို့သော်လည်းပဲ တစ်ခါတစ်ရံ

မှာတော့ မီးစက်သုံးရပါတယ်။ အဲဒါကတော့ ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာပါ။ အဲဒီမှာလည်းပဲ Solar စနစ်နဲ့ Battery တပ်ဆင်ထားတဲ့ဟာ ဖြစ်ပါတယ်။ ဒါက ဂန့်ဂေါမြို့နယ် မွေ့လယ်မှာလုပ်ထားတဲ့ နေရောင်ခြည်စွမ်းအင်သုံး Solar စနစ် တပ်ဆင်ထားတဲ့ဟာတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ တတ်နိုင်သမျှကတော့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒါက ဂန့်ဂေါမြို့နယ် စိုင်ဒူးမှာရှိတဲ့ GSM စခန်းမှာ နေရောင်ခြည်စွမ်းအင်သုံး Solar စနစ်နဲ့ အရန်မီးစက်နဲ့။ အရန်မီးစက်က မလွှဲသာလို့သာ မောင်းရတာပါ။ မီးစက်တပ်တဲ့အခါကျတော့ မီးစက်ရဲ့ ဆီစရိတ်နဲ့ အဲဒီဆီကို ပို့ရတာနဲ့ လူထားရတာနဲ့ ကျွန်တော်တို့လည်း မီးစက်ကို မသုံးချင်ပါဘူး။ ဒီဟာက မလွှဲသာ မရှောင်သာလို့ မီးစက်ကို သုံးရတာဖြစ်တဲ့ အကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် စုန်/ဆန်ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ လူစီးတွဲများအား ပိုမိုကောင်းမွန်သည့် တွဲဆိုင်းများဖြင့် အစားထိုးပေးရန်နှင့် မီးရထားဝန်ထမ်းများအတွက် ပြည်သူဆက်ဆံရေးသင်တန်းများ ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ဒီနေ့ မေးခွန်းကို မြန်မာပြည်(အထက်ပိုင်း)ဒေသမှ ရထားစီးနင်းရာမှာ အခက်အခဲကြုံတွေ့ကြရတဲ့ ပြည်သူတွေကိုယ်စား မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာပြည်(အထက်ပိုင်း)၊ ကချင်ပြည်နယ်ဒေသမှ ခရီးသွားများဟာ ခရီးသွားလာရေးအတွက် မြန်မာ့မီးရထားကို များစွာအားကိုးအားထားပြုနေရတာ ဖြစ်ပါတယ်။ မြစ်ကြီးနား-မန္တလေး အစုန်/အဆန်ပြေးဆွဲကြတဲ့ ရထားတွေနဲ့ အမှတ်(၅၅)၊ အမှတ်(၅၆) အထူးအမြန်နှင့် အမှတ်(၅၇)၊ အမှတ်(၅၈) မန္တလာရထားတို့ကိုသာ အချိန်အနည်းငယ်မှန်လို့ အဓိကထားစီးကြပါတယ်။ စုံစမ်းသိရသလောက် ရန်ကုန်-မန္တလေးလမ်းပိုင်းများထက်တောင်မှ ဝင်ငွေပိုကောင်းတဲ့ရထားခရီးစဉ်တွေလို့ သိရပါတယ်။ ဒီလို လူစီးများပြီးဝင်ငွေကောင်းပေမယ့် အဆိုပါရထားတွေက တွဲဆိုင်းတွေမှာ အထက်တန်းထိုင်ခုံတွေ၊ ရိုးရိုးတန်းထိုင်ခုံတွေ၊ အိမ်သာတွေဟာ ရန်ကုန်-မန္တလေးရထားလိုင်းနဲ့ ယှဉ်လိုက်ရင်တော့ မိုးနဲ့မြေလိုပါပဲ။ အထက်တန်းဆိုတဲ့ထိုင်ခုံဆိုဖာများကလည်း ညစ်ပေပြီး စက်နဲ့

ဆန့်တဲ့၊ ခေါက်တဲ့ခလုတ်တွေဟာ အားလုံးဟာပျက်နေတဲ့အတွက် ၂၄ နာရီကျော်စီးရတဲ့ခရီး တစ်လျှောက်လုံး တကယ့်မသက်မသာရှိရပါတယ်။ အဆိုးဆုံးကတော့ အိမ်သာပါပဲ။ ရိုးရိုးတန်း၊ အထက်တန်း အိမ်သာတိုင်း၊ အိမ်သာတိုင်းဟာ ရေစင်ကနေရေတွေ တစ်ချိန်လုံး တစ်ပေါက်ပေါက်နဲ့ ယိုနေတဲ့အတွက် စိုရွှဲညစ်ပတ်နေပါတယ်။ ဒါကတော့ ရထားတွဲဒုက္ခပါပဲ။ နောက်တစ်ခုကတော့ လက်မှတ် ဝယ်ယူရရှိရေးဒုက္ခပါ။ ဘူတာစင်တိုင်းမှာဒီနေ့ရောင်းမယ့် ရက်ကြိုလက်မှတ်က ဘယ် နှစ်စောင်၊ နေ့ချင်းရောင်းမယ့်လက်မှတ် ကဘယ်နှစ်စောင်ဆိုတာကို ပွင့်လင်းမြင်သာစွာ မကြေညာ ထားတော့ အချိန်ကုန်ခံ၊ လူအပင်ပန်းခံပြီး စောင့်ဆိုင်းတန်းစီပြီး ကိုယ့်အလှည့်ရောက်ခါနီးမှ လက်မှတ် ကုန်ပြီဆိုလို့ ဒါလက်မှတ်မရတဲ့ ဒုက္ခတွေလည်းရှိနေပါတယ်။ သတ်မှတ်ခွဲတန်းအတိုင်း ဘာလို့မရောင်း ချသလဲစုံစမ်းကြည့်တော့ VIP လက်မှတ်ဆိုပြီး နေ့စဉ်မချိန်မနေရ ခွဲတမ်းတွေချန်နေရတယ်လို့ အကြောင်းပြပါတယ်။ ပြည်သူတွေသာ လက်မှတ်ဝယ်ရခက်ပေမယ့် ရထားတွဲပေါ်မှာ မြင်ရတတ်တဲ့ ခုံအလွတ်တွေကိုကြည့်ချင်းအားဖြင့် လက်မှတ်မှောင်ခိုစနစ်ကြောင့်ဆိုတာ သိသာထင်ရှားနေပြီး တိုင်းပြည်အတွက် များစွာနစ်နာနေပါ တယ်။

နောက်တစ်ခုကတော့ ဝန်ဆောင်မှုကိစ္စပါ ခရီးသည်တွေက ကိုယ်စီးရမည့်ရထားချိန်ကို ကြိုသိ ချင်ကြတာ သဘာဝပါပဲ။ အခုတော့ ဘူတာရှေ့က ကြော်ငြာသင်ပုန်းမှာ ခန့်မှန်းရထားချိန်ကို အနီးစပ် ဆုံးမရေးထားဘဲနဲ့ အရင်ကခန့်မှန်းချိန်တွေကိုပဲ ထပ်ခါတလဲလဲ တွေ့နေရတတ်ပါတယ်။ မေးမြန်း စုံစမ်းပြန်ရင်လည်း ဝန်ထမ်းတွေက မချေမငံပြန်လည်ပြောကြားတတ်ကြပါသေးတယ်။ အခုခေတ်မှာ ကြေးနန်းဆက်သွယ်ရေးခေတ်လိုမဟုတ်တော့ဘဲ မိုဘိုင်းဖုန်းလေးတစ်ချက်ဆက်လိုက်တာနဲ့ ဘယ် နေရာမှာ ရထားရောက်နေပြီဆိုတာကို အတိအကျသိနိုင်တဲ့အချိန်မျိုးမှာ ခရီးသွားတွေ ဒီအခက်အခဲ ဖြစ်နေရတာဆိုတာကိုလည်း မဖြစ်သင့်တော့ပါဘူး။ နောက်တစ်ခုက တွဲစောင့်တွေအများစု အားလုံး နီးပါးပါပဲ။ သူတို့ရတဲ့ ထိုင်ခုံခွဲတမ်းတွေကိုရောင်းပြီးတော့ ညကျရင်အိမ်သာနားမှာ ဖျာခင်းပြီးအိပ်ကြရ ပါတယ်။ ဒီတော့ ညတာခရီးသွားတွေ အိမ်သာတက်တဲ့အခါမှာ သူတို့တွေကို ကျော်ရ၊ ခွရနဲ့ အင်မတန် ကိုမှ စိတ်ဒုက္ခရောက်ရတဲ့အပြင် အမြင်လည်းမသင့်တော်ပါဘူး။ ဝန်ထမ်းဂုဏ်သိက္ခာလည်း ကျလာပါ တယ်။

နောက်တစ်ခုက လက်မှတ်စစ်တဲ့ဝန်ထမ်းတွေက ညကြီးသန်းခေါင်မှာ တစ်ခါတည်း အိပ်မော ကျနေတဲ့ခရီးသည်တွေကို နှိုးနှိုးပြီးလက်မှတ်စစ်ကြတာလည်း အင်မတန်ကိုမှ စိတ်ကသိကအောက် ဖြစ်ရတဲ့ကိစ္စတစ်ခုပါ။ ဒါ ကျွန်တော့်အနေနဲ့ မန္တလေး-ရန်ကုန်ရထားလိုင်းတွေကို စီးဖူးပါတယ်။ ရထား

စီးရေများအတွက် လက်မှတ်ဝယ်ရတာ လွယ်တယ်။ အတွဲတွေ၊ ခုံတွေ၊ အိမ်သာတွေကလည်း သန့်ရှင်း သပ်ရပ်ပြီးတော့ ဝန်ထမ်းတွေကလည်း ဒါဆက်ဆံရေး ယဉ်ကျေးပျူငှာစွာ အင်မတန်စိတ်ချမ်းသာစရာ ကောင်းပါတယ်။ မန္တလေး-ဘူတာကြီးမှာ ရန်ကုန်ရထားနဲ့ မန္တလေးရထားပိုင်းတွေ တွဲထိုးထားတာ ကြုံ ရင်ယှဉ်ကြည့်ကြပါ။ တောင်ပေါ်ဒေသနဲ့ မြေပြန့်ဒေသတွေကိုများ အဆင့်အတန်းခွဲထားတာလို့ကို ထင်မှားစရာပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်လက်စတည်း ပြည်ထောင်စုဝန်ကြီးကို တင်ပြချင်တာလေးတစ်ခုက ရထားကုန်တင်ခပါ။ မန္တလေး-ရန်ကုန်ကုန်တင်ကားက ၁ တန် ၁ မိုင် ၄၂ ကျပ်သတ်မှတ်ပြီး၊ မန္တလေး-မြစ်ကြီးနားက ၉၀ ကျပ်ဖြစ်ပါတယ်။ ကုန်သည်တွေတင်ပြကြလို့ ၇၅ ကျပ်ထိ လျှော့ပေးတယ်လို့လည်း သိရပါတယ်။ လျှော့ချပေးထားတဲ့ဆိုတဲ့ ရန်ကုန်လမ်းပိုင်းထက်စာရင်တောင်မှ ခေါက်ချိုးနီးပါးလောက် ပိုနေပါသေးတယ်။ တကယ်လို့ တစ်နိုင်ငံလုံးကို ကုန်တင်ခ ၁ တန် ၁ မိုင် ၄၂ ကျပ်နှုန်း တစ်ပြေးညီ သတ်မှတ်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ဒေသလို ဖွံ့ဖြိုးမှုနောက်ကျတဲ့ တောင်ပေါ်ဒေသများအတွက် ကုန်ဈေးနှုန်းကြီးမြင့်တဲ့ဒဏ်ကို အထိုက်အလျောက်သက်သာသွားစေမှာဖြစ်လို့ စဉ်းစားပေးစေချင် ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် စုန်/ဆန်ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ လူစီးတွဲများအား ပိုမိုကောင်းမွန်သည့်တွဲဆိုင်းများဖြင့် အစားထိုးပေးရန် အစီအစဉ်ရှိ/မရှိ၊ ခရီးသည်များကို ဝန်ဆောင်မှုကောင်းစွာပေးနိုင်ရေးအတွက် မီးရထားဝန်ထမ်းများအား ပြည်သူ့ဆက်ဆံရေးသင်တန်းများ ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုပါ သဖြင့် ခရီးသွားပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့် အနေနဲ့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ရဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးဝင်းနိုင်ရဲ့မေးခွန်းမှာ မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် အစုန်-အဆန်ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှလူစီးတွဲများအား ပိုမိုကောင်းမွန်အောင် တွဲဆိုင်း

များဖြင့် အစားထိုးပေးရန် အစီအစဉ်ရှိ/မရှိ။ ခရီးသည်များကို ဝန်ဆောင်မှု ကောင်းမွန်စွာပေးနိုင်ရေး အတွက် မြန်မာ့မီးရထားဝန်ထမ်းများအား ပြည်သူ့ဆက်ဆံရေးသင်တန်းများ ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိတို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ခုနတုန်းကတော့ ဒီမေးခွန်းထဲမှာ ပါတဲ့အပြင် တကယ့်လက်တွေ့အဖြစ်အပျက်တွေ လက်မှတ်ဝယ်ယူမှုခက်ခဲတာ၊ တွဲဆိုင်းတွေမကောင်း တာ၊ အိမ်သာတွေညစ်ပတ်တာ၊ အချိန်တွေမပြောနိုင်တာ၊ တွဲစောင့်တွေမကောင်းတာ၊ လက်မှတ်စစ် တွေဆက်ဆံရေးညံ့ဖျင်းတာ၊ နှုန်းထားတွေ ဒီကိစ္စတွေကတော့ ခုနတုန်းက မေးခွန်းအပြင် ဒီဘက်မှာ ထပ်ဆင့်ပြီးတော့ မေးမြန်းချက်တွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တောင်ပေါ် ဒီမန္တလေး-မြစ်ကြီးနားလိုင်းဟာ ကျွန်တော်တို့အတွက်တော့ ဒုတိယဦးစားပေးလိုင်းဖြစ်ပါတယ်။ တကယ်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ မန္တလေး-မြစ်ကြီးနားဟာ ဝင်ငွေပိုရတာ တော့မဟုတ်ပါဘူး။ သို့သော်လည်းပဲ တကယ်တမ်းမျှော်လင့်စရာအကောင်းဆုံး တကယ် Potential ရှိသော လူစီးကုန်တင်အများဆုံးရှိနိုင်တဲ့လိုင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ဒီ ADB ပညာရှင် တွေရောအားလုံး ကျွန်တော်တို့တစ်တွေဟာ ဒီတစ်ခါ ရန်ကုန်-မန္တလေးပြင်ပြီးရင် မန္တလေး-မြစ်ကြီးနား ကိုပြင်ဖို့ အဲဒါတောင်မှ ကျွန်တော့်အနေနဲ့ကတော့ ရန်ကုန်-မန္တလေးကို JICA နဲ့လုပ်ပြီးတော့ မန္တလေး-မြစ်ကြီးနားကိုတော့ မြန်မြန်ဆန်ဆန်လုပ်နိုင်ဖို့ရာအတွက် ကိုရီးယား EDCF Loanနဲ့ စတင်ဆောင်ရွက် ဖို့လျာထားထားပါတယ်။ လျာထားတာနဲ့အညီ အခု ၂၀၁၈-၂၀၁၉ မှာကျတော့ သူတို့က တွဲကိုမှာခဲ့ရင် နှစ်နှစ်လောက် ကြာမယ်။ အဲ့ဒီတော့ ကျွန်တော်တို့ EDCF Loan နဲ့တွဲ ၁၀၀ ထပ်ပြီးတော့ ဝယ်ထား ပါတယ်။ အဲဒါ ၂၀၁၈-၂၀၁၉ မှာရပါမယ်။ အဲဒီအခါမှာ ကျွန်တော် ဒီမြစ်ကြီးနားလိုင်းကို ရထားတွဲတွေ အများကြီး ပြေးနိုင်မှာဖြစ်ပါတယ်။ ခုနကပြောတဲ့အချက်အလက်တချို့ကိုတော့ စာရင်းဇယားနဲ့ ပုံလေး တွေ တင်ပြနိုင်ဖို့ရာအတွက် Power Point သုံးစွဲခွင့်ပေးပါခင်ဗျား။

အဲဒီမှာ ကျွန်တော်တို့ပြေးနေတာကတော့ ဒီမြစ်ငယ်စက်ရုံမှာ ကိုရီးယားလူစီးတွဲ ၄၀ ကိုတော့ သက်တမ်းဝက် Rehabilitation လုပ်နေပါတယ်။ လုပ်နေတဲ့ဟာတွေကိုလည်းပဲ ကျွန်တော်တို့ ထပ်ပြီးတော့ ပြေးမှာဖြစ် ပါတယ်။ ကျွန်တော်တို့ အခုနောက်ဆုံးဝယ်တဲ့အတွဲက တရုတ်ကနေပြီး တွဲ ၆၀ ဝယ်တယ်။ ဝယ်တဲ့ထဲက ၃၉ တွဲက ရန်ကုန်-မန္တလေးလိုင်းမှာ နှစ်ဆိုင်းသုံးတယ်။ ပြည်လိုင်းမှာ တစ်ဆိုင်းသုံးတယ်။ ပြည်လိုင်း ဘာကြောင့်ပေးရသလဲဆိုတော့ ပြည်လိုင်းကတွဲတွေက အရင်ကထက် ပိုစုတ်နေလို့မို့ မန္တလေး-မြစ်ကြီးနားလိုင်းထက် ပိုစုတ်လို့မို့ ကျွန်တော်တို့က ပေးခဲ့ရတာပါ။ အဲဒီတော့ ၂၁ တွဲကျန်ပါတယ်။ အဲဒီ ၂၁ တွဲ က ၂၀၁၇ နှစ်စမှာမှ မြစ်ငယ်စက်ရုံမှာ ဆောက်နိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

အဲဒီမြစ်ငယ်စက်ရုံမှာဆောက်ပြီးရင် ဒီ ၂၀၁၇ နှစ်လယ်လောက်မှာ ထွက်ရှိလာတဲ့ ၂၁ တွဲကို မြစ်ကြီးနားလိုင်းမှာ ဦးစားပေးသုံးစွဲဖို့ လျာထားထားပါတယ်။ ဒီကြားထဲမှာ လောလောဆယ် ရသမျှ ကိုလည်းပဲ မြစ်ငယ်စက်ရုံကနေပြီးတော့ ပြုပြင်ပေးတဲ့အတွက် အဲဒီမှာပြုပြင်တဲ့နေရာမှာလည်း ကျွန်တော်တို့ ခုနတုန်းကပြောတဲ့အတိုင်း အိမ်သာကိုဦးစားပေးပါတယ်။ အိမ်သာကို တစ်ခါတည်း ထည့်ပြီးဆောက်ခဲ့ရင် အိမ်သာကညစ်ပတ်တော့ သန့်ရှင်းရတာခက်တဲ့အတွက်ကြောင့် အစုံလိုက်လဲ နိုင်တဲ့ ခုနက Steel နဲ့လုပ်တဲ့ Plate ကို အပြားလိုက်လုပ်ပါတယ်။ အဲဒီအပြားလိုက်ပဲလဲမှာဖြစ်ပါတယ်။ ဒါဖြင့်ရင် အိမ်သာကခက်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဆေးကြောဖို့လည်းလွယ်ကူအောင် Steel Plate နဲ့ လုပ်ထားတယ်ဆိုတဲ့အကြောင်း ကျွန်တော်က ရေးမထားသော်လည်းပဲ ကျွန်တော်ရှိ သမျှတင်ပြတာဖြစ်ပါတယ်။ အဲဒီတော့ အခုလည်းပဲ မြစ်ငယ်စက်ရုံကနေ ကိုရီးယားတွဲ ၄၀ ရလာရင် အဲဒီအထဲမှာ လူစီးတွဲအဖြစ် ခြောက်တွဲကိုတော့ မြစ်ကြီးနား-မန္တလေးမှာပေးမယ်။ အခုလောလောဆယ် စက်တင်ဘာ ၁ ရက်နေ့ကပဲ ကျွန်တော်တို့ ရသမျှအတွဲတွေကို လဲပေးနေပါတယ်။ (၅၅/၅၆)၊ (၅၇/၅၈)၊ (၃၃/၃၄)၊ (၃၇/၃၈) အဲဒီနေရာမှာ တွဲဆိုင်းသုံးဆိုင်းမှာ ရထားတစ်စင်းပြေးဖို့ရာအတွက် (၅၅) အဆန်နေ့တိုင်းပြေးဖို့၊ (၅၆)အစုန်နေ့တိုင်းပြေးဖို့ရာအတွက် ကျွန်တော်တို့က သုံးဆိုင်း သုံးရ တယ်။ သုံးဆိုင်းသုံးရတော့ တစ်တွဲတိုးချင်ရင် သုံးတွဲတိုးရတာဖြစ်ပါတယ်။ အဲဒါမျိုးလေးနဲ့ ကျွန်တော် ဖြည့်စွက်ပြီးတော့ စက်တင်ဘာလ ၁ ရက်နေ့ကပဲပေးပြီး ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၆-၂၀၁၇ မှာ ၂၁ တွဲရမယ်။ ၂၀၁၈-၂၀၁၉ မှာ တွဲ ၁၀၀ ရမယ်။ အဲဒီလို ဆိုရင်တော့ တွဲဟာ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းမှာ ပိုပြီးတော့တောင့်လာမှာဖြစ်ပါတယ်။ အဲဒီမှာ အခုချိတ်ဆွဲထားတဲ့ တွဲတွေရဲ့အခြေအနေ ဖြစ်ပါတယ်။ (၃၇/၃၈)မှာ ရိုးရိုးတန်းငါးတွဲ၊ အထက်တန်းထိုင်ခုံ နှစ်တွဲ၊ စားသောက်တွဲတစ်တွဲ၊ ဘရိတ်တွဲတစ်တွဲဖြစ်ပါတယ်။ ၃၈-အစုန်မှာ ရိုးရိုးတန်းငါးတွဲ၊ အထက်တန်း နှစ်တွဲ၊ စားသောက်တွဲ တစ်တွဲ၊ ဘရိတ်တွဲတစ်တွဲဖြစ်ပါတယ်။ အဲဒီအတိုင်းပါပဲ (၅၅/၅၆) မှာ ၇၊ ၁၊ ၂ သူ့ရဲ့ စက်ခေါင်းရဲ့ ဆွဲအားနဲ့ သူ့ရဲ့လိုက်ပါနိုင်တဲ့ဝန်အရေအတွက်အတိုင်း ဆောင်ရွက်ထားတာဖြစ်ပါ တယ်။ အဲဒီမှာ ဒီလို ခရီးသည်တွေကိုကြည့်လိုက်လို့ရှိရင် တစ်နေ့ကို (၃၇)မှာ ခရီးသည် ၃၇၄ ဦး၊ (၃၈)မှာ ခရီးသည် ၄၁၆၊ (၅၅/၅၆) မှာ  ခရီးသည် ၈၀၀ ကျော်၊ ၁၀၀၀၊ (၅၇)မှာ အဆန်မှာ ၉၃၇၊ အစုန်မှာ ၇၉၀။ အဲဒီမှာ ဘာပါလဲဆိုတော့ ပါတဲ့ထိုင်ခုံအရေအတွက်နဲ့ ခရီးသည်အရေအတွက်ကိုကြည့်ရင် (၅၅)မှာ ၁၅၈ ရာခိုင်နှုန်း၊ ထိုင်ခုံ ၁၀၀ ပါရင် စီးတာက ၁၅၈ ယောက်ဆိုတဲ့အဓိပ္ပာယ်ရှိပါတယ်။ ဒါပေမဲ့ ဒါက ဆင်းလိုက်/တက်လိုက်၊ ဆင်းလိုက်/တက်လိုက် ဘူတာတွေရဲ့စုစုပေါင်းဟာကိုပဲ ဇူလိုင်လအတွင်းမှာ

ပျမ်းမျှခြင်း ကျွန်တော်ယူထားတာဖြစ်ပါတယ်။ အဲဒီတော့ တကယ်တမ်း ထိုင်ခုံအရေအတွက်နဲ့ ခရီးသည်ဦးရေဟာ မမျှဘူးဖြစ်နေတယ်ဆိုတဲ့အကြောင်း ဒီမှာပြောလိုပါတယ်။ အဲဒါကြောင့်မို့ ခုနက ပြောတဲ့ ခရီးသည်ကျပ်တည်းမှုဟာ ကျွန်တော်တို့ဟာ ရထားကိုတိုးမပြေးနိုင်ရင်၊ တွဲတွေအများကြီး ပိုပြီးတော့ မချိတ်နိုင်ရင် ဒီပြဿနာဟာ ပေါ်နေဦးမှာပဲဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ခုနတုန်းက အဲဒါကို ကျွန်တော်ပြောလိုပါတယ်။

နောက် (၅၅)၊ (၅၆)၊ (၅၇)၊ (၅၈) အမြန်ရထားတွေမှာ အိမ်သာတွေကောင်းအောင်၊ ထိုင်ခုံတွေ ကောင်းအောင်၊ အနံ့အသက်တွေကောင်းအောင်။ အဲဒီမှာလည်းပဲ ရေတိုင်ကီတွေရေလုံအောင်ဆိုတဲ့ ဟာကို မန္တလေးတွဲပြင်ရုံမှာတော့ အခု တစ်လကိုခြောက်တွဲနှုန်းနဲ့ပြင်ရမယ်။ ခြောက်လကို ၃၆ တွဲထွက်ရမယ် ဆိုပြီးတော့ နည်းနည်း တစ်တွဲချင်းတစ်တွဲချင်း ဖြုတ်ဖြုတ်ပြီးတော့ မန္တလေးတွဲပြင်ရုံမှာ ပြင်ဖို့ဆိုပြီးတော့ အခုအစီအစဉ်ချမှတ်ဆောင်ရွက်နေပါတယ်။ နောက် အဲဒီမှာပဲ တွဲထိန်းအကြောင်း ပေါ့။ တွဲထိန်းတွေက တကယ်တမ်းကျတော့ ရထားဝန်ထမ်းတွေမဟုတ်ပါဘူး။ အရင် လွန်ခဲ့တဲ့ ၁၀ နှစ် လောက်ရှိပါပြီ။ အားလုံးကို ဒီတွဲထိန်းကို ရထားဝန်ထမ်းတွေလုပ်တာဟာ မကောင်းဘူး။ ဒါ့ကြောင့် ကန်ထရိုက်ပေးမယ်ဆိုပြီးတော့ တွဲထိန်းတွေကို ပုဂ္ဂလိကကန်ထရိုက်တွေခေါ်ပြီးတော့ တွဲထိန်းနှင့်တွဲ သန့်ရှင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း အဲဒီတွဲထိန်း တွေကလည်းပဲ အဲဒီကန်ထရိုက်မကောင်းလို့ အခု ဒီတစ်ခေါက်တော့ ကန်ထရိုက်အဟောင်းကို ဖြုတ်ပြီးတော့ ကန်ထရိုက်အသစ်ခေါ်ခန့်မယ်ဆိုပြီးတော့ ကန်ထရိုက်ကိုတော့ ဖြုတ်ထားပြီးပါပြီ။ သို့သော်လည်းပဲ အဲဒီကန်ထရိုက်ကိုလည်းပဲကောင်းအောင် ခုနကပြောတဲ့ ပြည်သူ့ဆက်ဆံရေးကို နားလည်အောင်၊ Service ဆိုတာကို အခုဟာက ကျွန်တော်တို့ဝန်ထမ်းတွေဟာ နားလည်တဲ့သဘော ကိုမရှိသေးပါဘူး။ သူ့ရဲ့ တကယ့်စိတ်ထဲကအခံစိတ်ကို ပြင်ရမှာဖြစ်ပါတယ်။ အဲဒီမှာ အထက်တန်း ထိုင်ခုံတွဲအစွပ်တွေ၊ ခန်းဆီးလိုက်ကာတွေကိုတော့ ကျွန်တော်တို့ မန္တလေး လူမှုဝန်ထမ်းဦးစီးဌာနက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီးတော့ သူတို့ကိုကန်ထရိုက်ပေးပြီးတော့ ကျွန်တော်တို့ချုပ်တာဖြစ်ပါတယ်။ ထိုင်ခုံအစွပ်တွေပုံမှန်လဲလှယ်နိုင်အောင် ဒါတွေလည်း ကျွန်တော်တို့ ထပ်ပြီးတော့ ကြီးကြပ်ပြီးတော့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အဲဒီတော့ ခရီးသည်တွေကိုဝန်ဆောင်မှုပေးရတဲ့ ခုနကဝန်ထမ်းတွေကို မသင်ကြားပေး ဘူးလားဆိုတော့ ကျွန်တော်ရောက်တဲ့ဧပြီလကစပြီးတော့ ပြည်သူ့ဆက်ဆံရေးစာအုပ်ထုတ်ပါတယ်။ အဲဒီ ပြည်သူ့ဆက်ဆံရေးဘာသာရပ်ကို ခရီးသည်များကိုတိုက်ရိုက်ဆက်ဆံရတဲ့ ခရီးသည်ဝန်ထမ်းတွေ၊

ကုန်စည်ဝန်ထမ်းတွေ၊ ကုန်ရုံတွေ၊ ခုနကပြောတဲ့ တွဲစောင့်တွေအပါအဝင် လက်မှတ်စစ်တွေ၊ လက်မှတ်သိမ်းတွေအားလုံးကို အိတ်ဆောင်စာအုပ်တွေလည်း ဖြန့်ဝေပေးပါတယ်။ တိုင်းမန်နေဂျာတွေကိုယ်တိုင်လည်း သင်ခိုင်းပါတယ်။ အထွေထွေမန်နေဂျာတွေကို တိုင်း ၁၁ တိုင်းကိုဆင်းခိုင်းပါတယ်။ ဆင်းတဲ့အချိန်တွေမှာတော့ ဒီစာအုပ်တွေဝေတယ်။ ရှင်းပြတယ်။ ဒီဟာလောက်နဲ့တော့ တကယ်တမ်း ချက်ချင်းကြီးပြောင်းလဲသွားဖို့ကတော့ အင်မတန်ခက်တယ်။ ဘာလို့တုန်း။ နှစ်ပေါင်းများစွာ မီးရထားကြီးဟာ Monopolistic Position ပေါ့။ တစ်ယောက်တည်းလုပ်တဲ့ဟာကြီးဖြစ်နေပြီးတော့ ငါပေးမှရတယ်။ ငါကလုပ်ပေးမှရတယ်ဆိုတဲ့ အခံစိတ်ကဝင်နေတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီဟာကို Service ဆိုတာကို ပြင်ဖို့ရာအတွက် ကြိုးစားနေပါတယ်။ ဒါကတော့ သင်တန်းပေးထား တာတွေကို မှတ်တမ်းမှတ်ရာလေးတွေပို့ထားတဲ့ ဓာတ်ပုံလေးထဲက ရွေးတာပါ။ ဒါက ရန်ကုန်တိုင်းဒေသကြီး ထင်ပါတယ်။ ဒါကလည်းပဲ ဒီတိုင်းဒေသကြီးအလိုက် ပို့ချနေတာပါ။ ဒါက ဂျပန်အဖွဲ့တွေကလည်းပဲ ပညာရှင်တွေအဖွဲ့နဲ့ပေါင်းပြီးတော့ သင်တန်းကျောင်းလေး နေပြည်တော်ဘူတာမှာလည်းပဲ ရှိပါတယ်။ အဲဒီမှာ သူတို့ကိုယ်တိုင်ကလည်းပဲ ဂျပန်ပညာရှင်ထဲက ခေါင်းဆောင်က ကျွန်တော့်ကို ဘယ်လိုပြောသလဲဆိုတော့ ခင်ဗျားတို့ရထားကြီးကို ပိုက်ဆံပုံပေးပြီးတော့ ဒါတွေလုပ်ရုံလေးနဲ့ မရဘူး။ တကယ်တမ်းကျတော့ ပြည်သူလူထုအတွက် ဝန်ဆောင်မှုမကောင်းရင် ခင်ဗျားတို့ဘယ်လိုမှ အောင်မြင်မှာ မဟုတ်ဘူးဆိုတဲ့အချက်ကို ကျွန်တော့်ကိုလည်းပဲ တင်ပြပါတယ်။ ကျွန်တော်လည်း အဲဒီအကြောင်းတွေကို အားလုံးကို အခါအားလျော်စွာ အစည်းအဝေးလုပ်တိုင်းလုပ်တိုင်း အကုန်လုံးကိုတော့ ရှင်းပြနေပါတယ်။ ဒါက ဂျပန်အဖွဲ့။ ဂျပန်အဖွဲ့တွေနဲ့ ကျွန်တော်တို့ ဂျပန်နိုင်ငံကနေ သင်တန်းဆရာတွေနဲ့ သူတို့ကိုယ်တိုင်က ဂျပန်က အင်မတန် Service ကောင်းတဲ့ အလေ့အကျင့်ရှိတဲ့လူတွေဖြစ်တဲ့အတွက် ကြောင့် ဂျပန်က အသက် ၇၀ ပညာရှင်ကြီးတွေနဲ့ ဒီမှာသင်တန်းပေးတာ ဝန်ထမ်းတွေကို ရှစ်ကြိမ်ပေးပြီးဖြစ်ပါတယ်။ (The Overseas Human Resources and industry Development Association –HIDA) ကအဖွဲ့တွေနဲ့လုပ်ပါတယ်။ ကြီးကြပ်ရေးအဆင့်ဝန်ထမ်းတွေကိုလည်း နှစ်ကြိမ်ပေးပြီးဖြစ်ပါတယ်။ အောက်မြန်မာပြည်ရုံးမှာလည်းပဲ နှစ်ကြိမ်ပေးပြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ သင်တန်းတွေကိုလည်း တတ်နိုင်သမျှ ပို့ချလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများ ဖြေကြားပေးတဲ့ ဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မူကြမ်း**

## ဥပဒေကြမ်းကော်မတီက နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းကော်မတီက နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးကျော်စိုးလင်းဖြစ်ပြီး ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းအစီရင်ခံမှာဖြစ်ပါတယ်။ ဒီဥပဒေဟာဆိုလို့ရှိရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုများကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ဤဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီမှ တင်သွင်းရခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း၏ ရည်ရွယ်ချက်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရန်၊ မည်သူမျှပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုတို့ကို နစ်နာဆုံးရှုံးမှုမရှိစေရန် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုများကို ဥပဒေနှင့်အညီအကာအကွယ်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့်ဘဝလုံခြုံမှုများရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်ဟာဆိုလို့ရှိရင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရာမှာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ဘဝလုံခြုံမှုတို့ကို လုံလောက်သောအကာအကွယ်များ တာဝန်ပေးအပ်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်၏ လိုအပ်ချက်များနှင့်

အညီ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ဤဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်သို့ ရိုသေစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ အစီရင်ခံစာ ကို ဖတ်ကြားသွားမှာပဲဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၂၁၉
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၇-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၃၉၇)/ပထစ-၂၀၁၆

၁။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက တင်သွင်းသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရန်၊

(ခ) မည်သူမျှ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုတို့ကို နစ်နာဆုံးရှုံးမှုမရှိစေရန်၊

**မူကြမ်း**

(ဂ) နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဘဝလုံခြုံမှုများရရှိစေရန်။

၃။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ၇-၉-၂၀၁၆ ရက်နေ့တွင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း (၆)ခန်းနှင့် အပိုဒ်ပေါင်း(၁၅)ပိုဒ်ပါရှိပါသည်။

(ခ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း(၂) အပိုဒ် ၄ ကို ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု နစ်နာဆုံးရှုံးခြင်းမရှိစေရန် ကာကွယ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၃)ခေါင်းစဉ်ကို ဝန်ကြီးဌာန၏တာဝန်များဟု ပြင်ဆင်ပါသည်။

(င) အခန်း(၃) အပိုဒ် ၅ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၅။ ဝန်ကြီးဌာနနှင့်တာဝန်ရှိသူများသည်-

(က) မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။

(စ) အခန်း(၄) အပိုဒ် ၇ ကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(ဆ) အခန်း(၅) အပိုဒ် ၁၃ ရှိ တာဝန်ပေးခြင်းဆိုသည့်စကားရပ်ကို ခိုင်းစေခြင်းဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဥပဒေကြမ်းကော်မတီကတင်သွင်းသည့် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ နည်းဥပဒေ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာများကို တိတိကျကျဖော်ပြ၍ ၁၂-၉-၂၀၁၆ ရက်နေ့(တနင်္လာနေ့) နောက်ဆုံးထားပြီး ပြည်သူ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**